## မော်တော်ယာဉ်များအမျိုးအစားပြောင်းလဲခြင်းကိစ္စ

၁။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနအနေဖြင့် မော်တော်ယာဉ်များအမျိုးအစား ပြောင်းလဲခြင်းနှင့်စပ်လျဉ်း၍ ယာဉ်အန္တရာယ်ကင်းရှင်းရေးကိုမထိခိုက်စေဘဲလုပ်ငန်းများ အဆင်ပြေစေရန်အတွက် သတ်မှတ်ထားသောယာဉ်၏အတိုင်းအတာနှင့် စက်စွမ်းအားကျော်လွန်၍ မပြောင်းလဲပါကတင်အားတိုးမြှင့်ခြင်းမပြုဘဲယာဉ်၏ကိုယ်ထည်အားအပြန်အလှန်ပြောင်းလဲခြင်းကို ခွင့်ပြုပေးလျက်ရှိပါသည်။

**၂။ မော်တော်ယာဉ်များအမျိုးအစားပြောင်းလဲခြင်းများအတွက်ခွင့်ပြုနိုင်သည့်ပြောင်းလဲခြင်းများနှင့် ခွင့်မပြုနိုင်သည့်ပြောင်းလဲခြင်းများအားအောက်ပါအတိုင်းအသိပေးကြေညာအပ်ပါသည်–**

**(က) ခွင့်ပြုနိုင်သည့်မော်တော်ယာဉ်များအမျိုးအစားပြောင်းလဲခြင်း**

(၁) ကုန်တင်ယာဉ်(Truck)၊ သစ်လုံးတင်ယာဉ် (Logging Truck)၊ ကုန်သေတ္တာယာဉ် (Container Carrier Truck) နှင့် Box Truck (Van) ယာဉ်များသည် ယာဉ်ကိုယ်ထည်ပုံစံကွဲပြားခြားနားသော်လည်းယာဉ်တည်ဆောက်မှုအခြေခံပုံစံဖြစ်သောကြမ်းခင်းနှင့် သက်ကယ်ဘောင် တပ်ဆင်ထားမှုမှာအနီးစပ်ဆုံးတူညီသဖြင့် သတ်မှတ်ထားသည့် အန္တရာယ်ကင်းရှင်းရေးဆိုင်ရာကိရိယာများ (Safety Device နှင့် Equipment) စနစ်တကျတပ်ဆင်ထားရှိလျှင် ယာဉ်ကိုယ်ထည်အား အပြန်အလှန်ပြောင်းလဲခွင့်ပြုပါသည်။

(၂) ယာဉ်တည်ဆောက်မှုပုံစံအခြေခံဖြစ်သောကြမ်းခင်းနှင့်သက်ကယ်ဘောင် တပ်ဆင်ထားမှုအနီးစပ်ဆုံးတူညီသည့် ပြောင်းလဲခြင်းများဖြစ်သော Truck Type Vehicle မှ Truck with Crane, Car Carrier, Transporter, ရေသယ်ယာဉ် (Bowser(Water)) ကဲ့သို့သောပြောင်းလဲခြင်းများနှင့် Specially Equipped Vehicle မှ သာမန် Truck Type Vehicle တစ်မျိုးမျိုးသို့ ပြောင်းလဲသည့်ယာဉ်များအားအမှုတွဲတစ်ခုချင်းစီအလိုက် ရုံးချုပ်သို့တင်ပြ၍ အတည်ပြုချက်ရယူရမည်။

**(ခ) ခွင့်မပြုနိုင်သည့်မော်တော်ယာဉ်များအမျိုးအစားပြောင်းလဲခြင်း**

(၁) Truck Type Vehicle မှ Specially Equipped Vehicleသို့လည်းကောင်း၊ Specially Equipped Vehicleတစ်မျိုးမျိုးမှ အခြား Specially Equipped Vehicleတစ်မျိုးမျိုးသို့လည်းကောင်းပြောင်းလဲခြင်းများအားခွင့်မပြု။

(၂) ရေသယ်ယာဉ်(Bowser (Water))ပြောင်းလျှောက်ထားမှုများတွင် ယာဉ်တည်ဆောက်မှုပုံစံအရ လောင်စာဆီနှင့် အခြားအန္တရာယ်ဖြစ်စေနိုင်သော Dangerous Goods သယ်ဆောင်သည့် Bowser ပုံစံပြောင်းလဲမှုများလုံးဝခွင့်မပြု။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**